# နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁၅-၆-၂၀၂၂)

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများ (သို့မဟုတ်) မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲ အဖြေပါရှိသူများအနေဖြင့် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် လိုက်ပါနိုင်ပြီး ခရီးသည်များတွင် အောက်ပါစာရွက်စာတမ်း/အထောက်အထားများရှိရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့်နေ့ရက် မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့်ထိုးနှံပြီးကြောင်း သက်သေခံ လက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech၊

- Myancopharm by Ministry of Industry, Myanmar
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd
- Covovax, Serum Institute of India Pvt Ltd
- CorBEvaxTM , Biological E Limited

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်မထိုးနှံသူများနှင့် ကာကွယ်ဆေးထိုးလက်မှတ် အထောက်အထား မတင်ပြနိုင်သူများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲ အဖြေ

[အသက် (၆) နှစ်အောက် ကလေးများကို ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေးသည့်နေ့ရက်ကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ်သာသာဖြင့် ရှင်းလင်း တိကျစွာ ဖော်ပြရမည်။]

(ဂ) နိုင်ငံခြားသားခရီးသွားများအတွက် မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အာမခံဝယ်ယူထားကြောင်း အထောက်အထား။

(အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website Myanma Insurance (mminsurance.gov.mm) တွင် လေ့လာနိုင်ပါသည်။ နိုင်ငံခြားသားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသား ဝန်ထမ်းများနှင့် မိသားစုဝင်များသည် သက်ဆိုင်ရာနိုင်ငံမှ ဝယ်ယူထားသော ကျန်းမာရေးအာမခံအား တင်ပြရမည်။)

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထား အသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်ပေါ်သို့ တက်ရောက်ရန် စာရင်းသွင်းစဉ် လေကြောင်းလိုင်းဝန်ထမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန် တွင် သက်ဆိုင်ရာ လေဆိပ်ရှိ ကျန်းမာရေးအရာရှိများကိုလည်းကောင်း ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

[ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။]

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ကျန်းမာရေးအရာရှိများကဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့်လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ ခရီးသွားများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လေဆိပ်တာဝန်ရှိသူများမှ သတ်မှတ်ထားသော နေရာတွင် COVID-19 Antigen Rapid Diagnostic Test (RDT) နည်းဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းကို ခံယူရမည်ဖြစ်ပြီး ကုန်ကျစရိတ်အဖြစ် ခရီးသည်တစ်ဦးလျှင် မြန်မာ ကျပ် (၁၅,၀၀၀) မိမိအစီအစဉ်ဖြင့် ကျခံရမည်။

၆။ ကိုဗစ်-၁၉ RDT ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသည့် ခရီးသွားများအနေဖြင့် မိမိတို့၏ခရီးစဉ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

(ပုံမှန်အားဖြင့် ဓာတ်ခွဲအဖြေကို နာခေါင်းတို့ဖတ်ရယူပြီး (၁) နာရီအတွင်း ကျန်းမာရေးဌာနက ခရီးသည်အား ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။)

၇။ သို့ရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်မထိုးနှံထားသူများနှင့် ကာကွယ်ဆေးထိုးလက်မှတ် အထောက်အထား မတင်ပြနိုင်သူများအနေဖြင့် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး RT-PCR ဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်းအား (၃)ရက်မြောက်နေ့တွင် ဆောင်ရွက်၍ ဓာတ်ခွဲအဖြေတွင် ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိပါက မိမိတို့ လာရောက်သည့်ကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှု ကုန်ကျစရိတ်များအား ကျခံရမည်ဖြစ်ပါသည်။ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတကာဝန်ထမ်းများနှင့် မိသားစုဝင်များအား Home Quarantine ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျ